**အုပ်စုလိုက်ဆွေးနွေးခြင်း**

(၁) ပေးထားသောမေးခွန်းကိုအုပ်စုဝင်အားလုံးပါဝင်ဆွေးနွေးရန် လှုံ့ဆော်ပါ။

(၂) အုပ်စုခေါင်းဆောင်အား အုပ်စုဝင်အားလုံးပါဝင်ဆွေးနွေးရန်နှင့် ဆွေးနွေးချက်များကို မှတ်သားထားရန် တာဝန်ယူပါစေ။

(၃) သတ်မှတ်ချိန်ပြည့်ပါက အုပ်စုကိုယ်စားလှယ်တစ်ဦးအားတင်ပြပါစေ။

(၄) အုပ်စုတစ်စု၏တင်ပြချက်များပေါ်မူတည်ပြီး မတူညီသောအချက်များကို အခြားအုပ်စုများအား ဖြည့်စွက်တင်ပြပါစေ။

အထက်ပါသင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရာတွင် သတိပြုသင့်သည့်အချက်များကို အောက်တွင်ဖော်ပြ ထားပါသည်။

- ကျောင်းသားတစ်ဦးချင်းအတန်းရှေ့သို့ထွက်၍ ဆွေးနွေးရာတွင် တစ်တန်းလုံးကြားနိုင်အောင် အသံကျယ်ကျယ်ဖြင့် ပြောဆိုပါစေ။
- ကျောင်းသားတစ်ယောက်ကဆွေးနွေးချိန်တွင် အခြားကျောင်းသားများအား သေချာစွာ နားထောင်ပါစေ။
- သင်ယူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာစေလိုသောအခြေခံစည်းမျဉ်းများကို ကျောင်းသားများနှင့် ညှိနှိုင်းတိုင်ပင် သတ်မှတ်ထားပြီး လိုက်နာပါစေ။ ဥပမာ-ဆရာကလက်ခုပ်နှစ်ချက်တီးပြီး ပါးစပ်ကိုလက်ညှိုးဖြင့်ထိကပ်၍လုပ်ဆောင်ပြပါက ဆူညံနေခြင်းကိုရပ်၍ ဆရာ၏ညွှန်ကြားချက်ကိုအာရုံစိုက်စေခြင်း။
- ဆွေးနွေးခြင်းလုပ်ငန်းများပေးရာတွင် ကြာမြင့်နိုင်ချိန်ကို ဆရာအနေဖြင့် ခန့်မှန်းနိုင်သော်လည်း တာဝန်ယူလိုစိတ်ကို လေ့ကျင့်ပေးသည့် အနေဖြင့် ကလေးများကိုယ်တိုင်ခန့်မှန်းစေခြင်းကို ဒုတိယတန်းမှ စတင်လေ့ကျင့်ပေးသွားရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် လုပ်ငန်းများ ပေးသည့်အခါ အချိန်မည်မျှကြာမည်ကို ကလေးများအားခန့်မှန်းစေခြင်း အလေ့အကျင့်ကို လေ့ကျင့်ပေးပါ။
- လိုအပ်သည့်နေရာများတွင် ကျောင်းသားများ၏အဖြေကို သင်ပုန်းပေါ်တွင် လိုရင်းတိုရှင်းမှတ်တမ်းတင်ပေးပါ။
- တတ်နိုင်သမျှ ကျောင်းသားများ၏အဖြေကိုသုံး၍သင်ခန်းစာကိုအနှစ်ချုပ်ပေးပါ။
- သင်ယူမှုလုပ်ငန်းများဆောင်ရွက်စေရာတွင် ဆရာသည် သာမန်ကလေးများနှင့်မတူသော လိုအပ်ချက်ရှိသည့်ကလေးများကို အခြား ကလေးများနည်းတူ တန်းတူအခွင့်အရေးပေးရန် လိုအပ်သကဲ့သို့ ကျောင်းသားများကိုယ်တိုင် နားလည်လက်ခံလာအောင်လည်း လေ့ကျင့်ပေးပါ။
- ဒုတိယတန်းသင်ခန်းစာများသင်ပြီးချိန်တွင် သင်ခန်းစာနှင့်ပတ်သက်၍ မိဘများအပါအဝင် အခြားသူများကို အသိပေးပြောကြားလိုသော အချက်များအား စာရွက်များတွင်ရေးစေခြင်း စသည့်လုပ်ငန်းများ ပါဝင်လာမည်ဖြစ်သောကြောင့် ဆရာများအနေဖြင့် တစ်ဖက်လွတ် စာရွက်များ ကြိုတင်စုဆောင်းထားသင့်ပါသည်။

**၄။ စစ်ဆေးအကဲဖြတ်ခြင်း**

ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် ကလေးများ၏ တတ်မြောက်မှုစစ်ဆေးခြင်းအား သီးခြားစစ်ဆေးခြင်းမျိုး မပြုလုပ်ဘဲ သင်ကြားသင်ယူမှုလုပ်ငန်းတစ်ခုဆောင်ရွက်နေစဉ်အတွင်း ကျောင်းသားများ၏စိတ်ဝင်စားမှု၊ ဆွေးနွေးမှု၊ ပါဝင်ဆောင်ရွက်မှုများပေါ်တွင် ကြည့်ရှုအကဲဖြတ်ရန်သာဖြစ်ပါသည်။

ဥပမာ-

(၁) **သတိပြုမိခြင်း**ကို ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါက စစ်ဆေးအကဲဖြတ်သည့်အခါ ကလေးများ၏စိတ်ဝင်စားစွာ ပါဝင်ပြောဆိုမှုကို အကဲဖြတ်ရန်ဖြစ်သည်။

(၂) **စဉ်းစားခြင်း**ကို ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါက ပေးထားသော သတင်းအချက်အလက်နှင့်ပတ်သက်၍ မိမိ၏အမြင်၊ စိတ်ကူးဖြင့် စဉ်းစားဖော်ထုတ်နိုင်မှုကို စစ်ဆေးအကဲဖြတ်ရပါမည်။

(၃) **နားလည်ခြင်း**ကိုဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပါက ကျိုးကြောင်းဆီလျော်စွာ ရှင်းပြနိုင်မှု ရှိ၊ မရှိကို အကဲဖြတ်ရန်ဖြစ်သည်။

(၄) **လက်တွေ့လိုက်နာဆောင်ရွက်တတ်မှု**ကို ရည်ရွယ်သည့်လုပ်ငန်းပြုလုပ်ပါက ဆွေးနွေးတင်ပြမှုများသည် နေ့စဉ်ဘဝနှင့် လက်တွေ့ကျစွာ ချိတ်ဆက်အသုံးချနိုင်မှု ရှိ၊ မရှိကို လေ့လာအကဲဖြတ်ရန်ဖြစ်ပါသည်။

သင်ယူနေစဉ်လေ့လာအကဲဖြတ်ခြင်းအပြင် သင်ယူမှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ကလေးများကိုယ်တိုင် ရေးသားထားချက်များ၊ ထင်မြင်ချက်များ၊ ရေးဆွဲထားသောရုပ်ပုံများ၊ စုဆောင်းထားသော ဓာတ်ပုံများအပါအဝင် ကလေး၏လက်ရာများကို စုစည်းထားသောဖိုင် သို့မဟုတ် စာအုပ်များကို လေ့လာခြင်းဖြင့်လည်း ကလေး၏စိတ်ဝင်စားမှု၊ နားလည်သဘောပေါက်မှု၊ စဉ်းစားတွေးခေါ်နိုင်မှု၊ အများနှင့်ပူးပေါင်း လုပ်ဆောင်နိုင်မှုတို့ကို အကဲဖြတ်နိုင်ပါသည်။ ထိုသို့ ကလေးများ၏လက်ရာများကို သီးသန့်စုစည်းထားစေခြင်းသည် ကလေးများကိုယ်တိုင် မိမိတို့၏ပြောင်းလဲတိုးတက်မှုကို ခံစား သိရှိနိုင်ပြီး ဆက်လက်သင်ယူလိုစိတ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဒုတိယတန်းကျောင်းသားများအနေဖြင့် စာဖြင့်ရေးသားဖော်ပြရန် ခက်ခဲပါက နှုတ်မေးခွန်းများ မေးခြင်း ဥပမာ - နောင်တွင် မည်သို့ ဆက်လက်လုပ်ဆောင်သွားချင်သည်ကို ဆွေးနွေးတင်ပြစေခြင်း၊ လက်တွေ့လုပ်ဆောင်စေခြင်း၊ ကလေးများ၏အပြုအမူကို စောင့်ကြည့်ခြင်းဖြင့် စစ်ဆေးအကဲဖြတ်လျှင်သင့်တော်ပါသည်။ ဒုတိယတန်း၏ပထမနှစ်ဝက်အချိန်တွင် ကလေးများသည် မိမိ၏အတွေး၊ စဉ်းစားချက်များကို ရေးသားဖော်ပြခြင်း မပြုလုပ်နိုင်သေးပါက မိမိတို့ တွေးမိသည့်၊ စဉ်းစားမိသည့် အချက်များကို ပြောကြည့်စေခြင်းသည် ပိုမိုသင့်တော်ကောင်းမွန်ပါသည်။

ဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာများကို လေ့ကျင့်သင်ကြားပြီးပါက ဆရာများအနေဖြင့် ကျောင်းသားများ၏အပြုအမူနှင့် လုပ်ဆောင်ချက်များကို ကြည့်ရှုလေ့လာပြီး စစ်ဆေးအကဲဖြတ်ရန် အထူးတိုက်တွန်းလိုပါသည်။

စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို တိုင်းတာပေးနိုင်သကဲ့သို့ ဆရာများ၏သင်ကြားခြင်း အောင်မြင်ပေါက်မြောက်မှုကိုလည်း တိုင်းတာပေးနိုင်ပါသည်။ သို့ဖြစ်၍ ဆရာများသည် မိမိကိုယ်ကိုလည်း စစ်ဆေးအကဲဖြတ်ရပါမည်။ ဆရာများ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှုပြုလုပ်ရာတွင် သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း ကလေးများနားလည်သည့် ရှင်းလင်းသော ညွှန်ကြားချက်ပေးနိုင်မှု၊ ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မှု၊ ရည်ရွယ်ချက် ပေါက်မြောက်အောင် သင်ကြားနိုင်မှု ရှိ၊ မရှိ စသည်တို့ကို ထည့်သွင်းအကဲဖြတ်ရန် လိုပါသည်။

နိဂုံးချုပ်အနေဖြင့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သင်ခန်းစာများသည် အခြားသောဘာသာရပ်များနှင့်လည်းဆက်စပ်နေပါသည်။ စာရိတ္တနှင့်ပြည်သူ့နီတိ၊ လူမှုရေး၊ သိပ္ပံဘာသာရပ်များမှ အသိပညာများကိုလည်း ဘဝတွက်တာကျွမ်းကျင်စရာဘာသာသင်ကြားရာတွင် ဆက်စပ်ပေးနိုင်သကဲ့သို့ ထိုဘာသာရပ်များအား ပိုမိုစိတ်ဝင်စားစွာသင်ယူနိုင်စေရန် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်မှ အသိပညာနှင့် ကျွမ်းကျင်မှုများကို ဆက်စပ်သင်ကြားပေးရန် တိုက်တွန်းပါသည်။